**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE/ NM/ ၀၆ /၂၀၂၃
ရက်စွဲ၊၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၅.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/မလ (DMH) ထွေ (၅/၂၁)

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ (၅.၅.၂၀၂၃) ရက်နေ့ (၁၄း၀၀)နာရီ အချိန်တွင် မိုးလေဝသအခြေအနေနှင့်ပတ်သက်၍ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် (၇.၅.၂၀၂၃) ရက်နေ့၌ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်ပြီး (၈.၅.၂၀၂၃) ရက်နေ့တွင် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိကာ (၁၀.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုက်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်ပြီး (၉.၅.၂၀၂၃) ရက်နေ့မှ (၁၃.၅.၂၀၂၃) ရက်နေ့အထိ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၅၀)မှ(၆၀)ခန့်အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

၂။ အဆိုပါခန့်မှန်းချက်အရ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် ရုတ်တရက် ရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် (၉.၅.၂၀၂၃) ရက်နေ့မှ (၁၃.၅.၂၀၂၃) ရက်နေ့အတွင်း ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ပာန်များ ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)